## မြက်ကြိမ်၊ မြက်ခါး

Scientific name - *Panicum repens* L.

Common name - Torpedo grass

Family - Poaceae






အပင်ပုံသဏ္ဍာန်

နှစ်ရှည်ခံပင်မျိုးဖြစ်ပြီးပင်စည်သေးသွယ်၍ အရင်းပိုင်းသည်မြေပေါ်၌ တွားသွားသည်။ ကျန်အပိုင်းသည် အပေါ်သို့ထောင်မတ်နေပြီး ၅၀ - ၁၀၀ စင်တီမီတာ ရှည်သည်။ အမြစ်သည်အဆစ်များမှ ထွက်သည်။ မြေအောက်ပင်စည်မှာသန်မာ၍ ရွက်ဖတ်များဖြင့် ဖုံးအုပ်ထားသည်။ အရွက်သည် သေးသွယ်ရှည်လျား၍ စိမ်းပြာရောင်ရှိပြီး အရွက်အပေါ်မျက်နှာပြင်တွင် အမွေးအနည်းငယ်ရှိသည်။ အောက်မျက်နှာပြင်မှာ ချောမွေ့နေသည်။ ပန်းခိုင်သည် ထိပ်ထွက်ကိုင်းဖြာပန်းခိုင်ဖြစ်ပြီး အဖြူရောင်ရှိသည်။ ထပ်ဆင့်ပန်းခိုင်များသည် အစိမ်းဖျော့ရောင်ဘဲဥပုံရှိပြီး ထိပ်ချွန်သည်။ အစေ့သည် လုံးသွားပုံ အဖြူဖျော့ရောင် သို့မဟုတ် ကောက်ရိုးရောင်ရှိသည်။ ရေဝပ်သည့်နေရာများတွင်လည်း တွေ့ရသည်။ ပင်ပိုင်းအားဖြင့်လည်းကောင်း၊ မြေအောက်တွားသွားပင်စည်ဖြင့်လည်းကောင်း မျိုးပွားသည်။